**“ ၂၀၂၀-၂၀၂၁ ခုနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်း ငွေခန်းပိတ်ချိန်နှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးကြေငြာချက်”**

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်းငွေခန်းများအား အောက်ပါနေရာများတွင်ဖွင့်လှစ်၍ **PO** ဖြင့် လည်းကောင်း၊ ဘဏ်ငွေသွင်းချလန်ဖြင့်လည်းကောင်း၊ ငွေသားဖြင့်လည်းကောင်း လက်ခံဆောင်ရွက်လျက်ရှိပါသည်-

(၁) ရုံးချုပ် (နေပြည်တော်)

(၂) ရုံးချုပ် (ကနဦးမှတ်ပုံတင်ဌာနခွဲ) ထောက်ကြန့်

(၃) ရုံးချုပ် (ကနဦးမှတ်ပုံတင်ဌာနခွဲ) ရွာသာကြီး

(၄) ရုံးချုပ် (ကနဦးမှတ်ပုံတင်ဌာနခွဲ) မန္တလေး

(ခ) ၂၀၂၀-၂၀၂၁ ခုနှစ်(အောက်တိုဘာလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် စက်တင်ဘာလတွင် နှစ်ချုပ်စာရင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်ဘဏ်စာရင်းနှင့်ဌာနစာရင်း ကိုက်ညီမှုရှိစေရေးအတွက် ကနဦးမှတ်ပုံတင်ခြင်းဆိုင်ရာမှတ်ပုံတင်အခငွေများကို **PO** ၊ ဘဏ်ငွေသွင်းချလန်ဖြင့် လက်ခံဆောင်ရွက်ခြင်းအား ၂၃.၉.၂၀၂၁ ရက်အထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူများ အဆင်ပြေမှုရှိစေရန် ၂၄.၉.၂၀၂၁ မှ ၃၀.၉.၂၀၂၁ နံနက် ( ၁၂:၀၀ ) နာရီအထိ ငွေသားဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(ဂ) ၁.၁၀.၂၀၂၁ ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်သော်လည်း ပြည်သူလူထုလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် ကနဦးမှတ်ပုံတင်ခများပေးသွင်းခြင်းအား **PO** နှင့် ဘဏ်ငွေသွင်းချလန်တို့ဖြင့် ၁.၁၀.၂၀၂၁ ရက်နေ့တွင် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**